Inya
Economics

# မြန်မာနိုင်ငံ နှင့်
# Cryptocurrency အလားအလာ

**August 3, 2021**

Written by - Pann Myat Phyu Tint
Su Nandar Aung
Ye Zaw Khant



Source: Canva




Source: Statista Global Consumer Survey

## Cryptocurrency ဆိုတာဘာလဲ

Cryptocurrency ဆိုတာကတော့ Blockchain ဆိုတဲ့နည်းပညာပေါ်မှာအခြေခံထားတဲ့ ဒစ်ဂျစ်တယ်ငွေကြေးတစ်မျိုးပဲဖြစ်ပါတယ်။ Cryptocoin အမျိုးအစားတွေကတော့ Bitcoin, Ethereum, Tether, Binance Coin, Cardano, Dogecoin စသဖြင့်အမျိုးအစားပေါင်း (၄၀၀၀) ကျော်ရှိပြီး Bitcoin ကတော့ လက်ရှိဈေးကွက်တန်ဖိုးအများဆုံး Coin တစ်ခုဖြစ်ပါတယ်။

Bitcoin က 2009 မှာစတင်ပေါ်ပေါက်လာပြီး ပထမဆုံးသော Cryptocoin လည်းဖြစ်ပါတယ်။ Bitcoin ဆိုတဲ့ ဒစ်ဂျစ်တယ်ငွေကြေးကိုရှာဖို့အတွက် blockchain ဆိုတဲ့နည်းပညာနှင့် တွက်ချက်ရတာဖြစ်ပါတယ်။ လူအများစုကတော့ အွန်လိုင်းမှတစ်ဆင့် စတော့ရှယ်ယာများဝယ်ယူရန် ၊ရင်းနှီးမြုပ်နှံမှုများပြုလုပ်ရန်၊အခြားသောဝန်ဆောင်မှုများနှင့်သာမန်ထုတ်ကုန်၊ကုန်ပစ္စည်းများဝယ်ယူရန် Cryptocurrency ကိုအသုံးပြုကြပါတယ်။

## တရားဝင်ခွင့်ပြုထားမှုရှိ၊ မရှိနှင့် အသုံးအများဆုံးနိုင်ငံများ

Cryptocurrency ကို ဥရောပသမဂ္ဂ၊ G7 ၊ အရှေ့နှင့်အလယ်ပိုင်းအာဖရိက ၊တောင်အာဖရိက ၊ မြောက်အမေရိက ၊ အလယ်ပိုင်းအမေရိက ၊ ကာရစ်ဘီယံ ၊ အလယ်ပိုင်းအာရှ ၊ အရှေ့အာရှ၊ အလယ်ပိုင်း ဥရောပ ၊ မြောက်ဥရောပဘက်တွေမှာတော့ တရားဝင်ခွင့်ပြုထားပါတယ်။

မြောက်အာဖရိက၊ အနောက်အာဖရိက၊ ဘိုလီးဗီးယား၊ နီပေါ နှင့် အချို့သောအာရှနိုင်ငံတွေမှာတော့ တရားမဝင်ကြောင်း ထုတ်ပြန်သတ်မှတ်ထားပါတယ်။ လက်ရှိမှာ Cryptocurrency အသုံးအများဆုံး နိုင်ငံတွေကတော့ နိုင်ဂျီးရီးယား၊ဗီယက်နမ်၊ ဖိလစ်ပိုင်၊ တူရကီ၊ ပီရူး၊ ဆွစ်ဇာလန်၊ အန္ဒိယ၊ တရုတ်၊ အမေရိကန်၊ ဂျာမနီ နှင့် ဂျပန်တို့ပဲဖြစ်ပါတယ်။




Source: CLSA Asia-Pacific Markets, BSP, Business Processing Association of the Philippines (BPAP)

## Cryptocurrency အသုံးပြုမှု နှင့် အာဆီယံနိုင်ငံများ

မြန်မာနိုင်ငံနှင့်နီးစပ်တဲ့ အာဆီယံနိုင်ငံတွေမှာဆိုရင်တော့ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ နှင့် ထိုင်းတို့မှာ တရားဝင်သတ်မှတ်ခွင့်ပြုထားပါတယ်။ ကျန်ရှိတဲ့နိုင်ငံတွေမှာတော့ ရောင်းဝယ်ဖောက်ကားမှု၊ ကုန်သွယ်မှုပြုခြင်းနှင့် စုဆောင်းခြင်းတို့ကို တရားဝင်တယ်လို့သတ်မှတ်ထားပေမယ့် ကုန်ပစ္စည်းဝယ်ယူရာမှာ ငွေပေးချေခြင်းအဖြစ်အသုံးပြုတာနဲ့ ဘဏ်လုပ်ငန်းပိုင်းမှာအသုံးပြုခြင်းကို တရားမဝင်ကြောင်း ထုတ်ပြန်ကြေညာထားပါတယ်။

အာဆီယံထဲမှာမှ ဖိလစ်ပိုင်ကတော့ Cryptocurrency သုံးစွဲမှုတွင်ကျယ်တဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ အာဆီယံမှာတင်မကဘဲ ကမ္ဘာနဲ့အဝှမ်းကြည့်မယ်ဆိုရင်လည်း ဖိလစ်ပိုင်ဟာ ကမ္ဘာပေါ်မှာ Cryptoသုံးစွဲမှု တတိယအများဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဖိလစ်ပိုင်နိုင်ငံရဲ့ဗဟိုဘဏ် Bangko Sentralng Pilipinas (BSP)ကလည်း Virtual currency အသုံးပြုမှုကို တရားဝင်ခွင့်ပြုပေးထားပါတယ်။

ပြည်ပနိုင်ငံတွေမှာ အလုပ်လုပ်ကိုင်နေတဲ့ ဖိလစ်ပိုင်ရွှေ့ပြောင်းလုပ်သားတွေက crypto ကိုအသုံးပြုပြီးတော့ ပြည်ပကနေပြည်တွင်းသို့ ငွေလွှဲပြောင်းမှုတွေကို အများဆုံးနဲ့ blockchain နည်းပညာကို

အရှေ့တောင်အာရှနိုင်ငံတွေထဲမှာ အစောဆုံးအသုံးပြုတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ BSP ကနေ ယုံကြည်စိတ်ချရတဲ့ ပလက်ဖောင်းတွေလုပ်ပေးပြီး အတိုင်းအတာတစ်ခုအထိ ထောက်ပံ့ပေးနေတဲ့အတွက် ဖိလစ်ပိုင်နိုင်ငံရဲ့ကျေးလက်ဘဏ်လုပ်ငန်းတွေကအစ Gaming rewards၊ Bitcoin(BTC)၊ Automated Teller Machine (ATM) အဆုံး စသဖြင့် ကွန်ယက်တွေဟာ ယုံကြည်စိတ်ချရတဲ့အတွက် ဖိလစ်ပိုင်နိုင်ငံရဲ့ Cryptocurrency ကဏ္ဍဟာပိုမိုတိုးတက် လာတာဖြစ်ပါတယ်။

## လက်ရှိမြန်မာနိုင်ငံနှင့် Crypto အသုံးပြုမှု အခြေအနေ

အခုလက်ရှိမြန်မာနိုင်ငံမှာ Cryptocurrency နဲ့ ပတ်သတ်ပြီး ဘယ်လောက်အနေအထားထိလူသိများနေလဲ၊ ဥပဒေကြောင်းအရရော ဘယ်လိုမျိုးတားမြစ်ချက်တွေ ထုတ်ပြန်ထားလဲဆိုတာတွေကို လေ့လာကြည့်မယ်ဆိုရင် Cryptocurrency ဆိုတဲ့ဒီဂျစ်တယ်ငွေကြေးဆိုတာကို လက်ရှိအချိန်ထိ မြန်မာနိုင်ငံသားတွေကြားထဲမှာ တွင်တွင်ကျယ်ကျယ်အသုံးပြုတာမျိုးတွေ မရှိသေးတဲ့အပြင် ဗဟိုဘဏ်အနေနဲ့လည်း တရားဝင်အသုံးပြုခွင့်ပေးထားတာမျိုးမရှိသေးပါဘူး။ ဗဟိုဘဏ်အနေနဲ့ Cryptocurrency သုံးစွဲမှုနဲ့ပတ်သတ်ပြီး သတိပေးအကြောင်းကြားစာ နှစ်စောင်ထုတ်ပြန်ခဲ့ဖူးပါတယ်။

၂၀၁၉ မေလ ၃ ရက်နေ့မှာထုတ်ပြန်တဲ့ ပထမအကြိမ်သတိပေးစာမှာတော့ ဝယ်ယူရောင်းချခွင့်တားမြစ်မယ့် Cryptocurrency အမျိုးအစားကိုတိတိကျကျမထုတ်ပြန်ခဲ့ပဲ သတိပေးခြင်းသဘောမျိုးသာ သက်ရောက်ခဲ့ပါတယ်။ တစ်နှစ်ကြာပြီးနောက် မေလ ၁၅ ရက်နေ့မှာထုတ်ပြန်တဲ့ အသိပေးကြေညာချက်မှာတော့ Cryptocurrency ဝယ်ယူရောင်းချမှုများကိုကန့်သတ်လာပြီး စည်းကမ်းချိုးဖောက်သူများကို ဥပဒေအရအရေးယူမယ်လို့ ထုတ်ပြန်ခဲ့သော်လည်း ကျခံမယ့်ပြစ်ဒဏ်အမျိုးအစားနဲ့ သတ်မှတ်ချက်များကိုတော့ တိတိကျကျကြေညာခဲ့ခြင်း မရှိခဲ့ပါဘူး။

## မူတည်နေသော အကြောင်းအရင်းများ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကနေ Cryptocurrency အသုံးပြုမှုကို တရားဥပဒေအရခွင့်ပြုပေးမှုတွေရှိလာရင် မြန်မာနိုင်ငံမှာ crypto အသုံးပြုသူ၊ ရင်းနှီးမြှုပ်နှံသူတွေ များလာနိုင်ချေရှိသလားဆိုတာကို စဉ်းစားကြည့်ရအောင်။ မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှနိုင်ငံတွေနဲ့နှိုင်းယှဉ်မယ်ဆိုရင် အခုအချိန်ထိကို ဖွံ့ဖြိုးမှုနိမ့်ကျတဲ့ နိုင်ငံငယ်တစ်နိုင်ငံလို့ပြောရင် မှားမယ်မထင်ပါဘူး။

ဒါ့အပြင်မြန်မာနိုင်ငံဟာ ဒေသတွင်းနိုင်ငံတွေနဲ့ယှဉ်ရင် လူတန်းစားအလွှာ၊ အဆင့် ကွာဟချက်များနေပါသေးတယ်။ လူဦးရေအများစုဟာ နည်းပညာနဲ့ရင်းနှီးထိတွေ့ဖို့ မလွယ်ကူနိုင်တဲ့

အခြေခံလူတန်းစားတွေများပါတယ်။ တစ်နေ့ဝမ်းစာအတွက် တစ်နေ့လှုပ်ရှားရတဲ့ အခြေခံလူတန်းစားတွေအနေနဲ့ အခြားသောအရာတွေအပေါ်မှာ စိတ်ဝင်စားမှုထားနိုင်မှာမဟုတ်ပါဘူး။ နိုင်ငံသားတွေရဲ့ လူနေမှုအဆင့်အတန်း မြင့်မားလာခြင်းဟာလည်း Crypto ကဲ့သို့ Digital Currency အသုံးပြုမှုတွင်ကျယ်လာခြင်းအပါမှာ သွယ်ဝိုက်သောနည်းအားဖြင့် မူတည်နေပါတယ်။

Cryptocurrency ဆိုတာနည်းပညာပေါ်မှာ အခြေခံထားတာဖြစ်တဲ့အတွက် အသုံးပြုမယ့်သူအနေနဲ့ နည်းပညာနဲ့ပတ်သတ်တဲ့ အခြေခံဗဟုသုတကို လွယ်လွယ်ကူကူလေ့လာနိုင်ပြီး တတ်မြောက်နိုင်ဖို့ ဆိုတဲ့အချက်ကလည်း အရေးကြီးပါတယ်။ မြန်မာနိုင်ငံဟာ တိုးတက်ပြီးအဆင့်မြင့်မားလာတဲ့ နည်းပညာမှန်သမျှကို အခြားနိုင်ငံတွေထက်စာရင် အသုံးပြုမှုက နောက်ကျကျန်နေခဲ့တယ်ဆိုတာ ထင်ရှားပါတယ်။ မြင်သာတဲ့ဥပမာတစ်ခုကို ပြောရမယ်ဆိုရင် မြန်မာနိုင်ငံမှာ မိုဘိုင်းဖုန်းတွေ စတင်ခေတ်စားလာတဲ့အချိန်ကာလကနေ ယခုလူတန်းစားအလွှာစုံမှာ မိုဘိုင်းဖုန်းနဲ့မရင်းနှီးသူမရှိလောက်တဲ့အခြေအနေတစ်ခုထိဖြစ်လာဖို့ အချိန်များစွာကြာခဲ့ပါတယ်။ Cryptocurrency အသုံးပြုမှုတွင်ကျယ်လာခြင်းဆိုတာလည်း ထိုနည်းလည်းကောင်းပါပဲ။



Source: National Unity Government of Myanmar Facebook Page

## အဆိုးထဲက အကောင်း

အဆိုးထဲကအကောင်းဆိုတဲ့ အချက်တစ်ခုကတော့ လက်ရှိမြန်မာနိုင်ငံမှာဖြစ်ပေါ်နေတဲ့ နိုင်ငံရေးမတည်ငြိမ်မှုပါပဲ။ လက်ရှိမြန်မာနိုင်ငံကို စစ်အာဏာသိမ်းယူထားတဲ့အပေါ်မှာ နောက်ဆက်တွဲပြဿနာအနေနဲ့ ဘဏ်တွေအပေါ်မှာ ယုံကြည်မှုနည်းပါးလာနေပါတယ်။ ဒါ့အပြင် 2021 ခုနှစ် ဂျူလိုင်လ ၂ ရက်နေ့မှာ National Unity Government (NUG) အနေနဲ့ Tether (USDT) ,Binance (BUSD) စတဲ့ Cryptocurrency ကို အသုံးပြုပြီးငွေကြေးလှူဒါန်းနိုင်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့တာကြောင့်

နောက်ပိုင်းကာလတွေမှာ ဒစ်ဂျစ်တယ်ငွေကြေးများအသုံးပြုမှု ပြန်လည်တွင်ကျယ်လာမယ်လို့ ခန့်မှန်းချက်တွေလည်း ရှိနေခဲ့ပါတယ်။ ဗဟိုချုပ်ကိုင်မှုမရှိတဲ့ Cryptocurrency ဆိုတာကိုလူအများက စိတ်ဝင်စားလာတဲ့အလျောက် ဆိုရှယ်မီဒီယာ စာမျက်နှာတွေပေါ်မှာ Cryptocurrency ဆိုတာက နေရာယူလာကြပါတယ်။ ဆိုရှယ်မီဒီယာကိုအသုံးပြုသူတွေဟာ အခုဆိုရင် Cryptocurrency နဲ့ စိမ်းမနေတော့ပဲ သတိပြုမိပြီး စိတ်ပါဝင်စားစွာနဲ့ စတင်လေ့လာနေကြပါတယ်။ ဒါတွေဟာ နောင်အနာဂတ်မြန်မာနိုင်ငံမှာ Cryptocurrency ကို အသုံးပြုတွင်ကျယ်မှု၊ စိတ်ပါဝင်စားမှု စတာတွေကို မူတည်နေတဲ့အကြောင်းအရာတွေပဲဖြစ်ပါတယ်။

## နောက်ဆက်တွဲ အကျိုးသက်ရောက်မှုများ

Cryptocurrency ဆိုတာ အစိုးရပိုင်ဗဟိုဘဏ်တွေက ဖြန့်ချီထုတ်ဝေထားတဲ့ Fiat Money များမဟုတ်တာကြောင့် သက်ဆိုင်ရာအာဏာပိုင်များရဲ့ ထိန်းချုပ်ခြင်းကနေ (အပြည့်အဝ မဟုတ်သည့်တိုင်) ကင်းလွတ်လို့ ကိုယ့်မှာရှိတဲ့ငွေကြေးတွေကို အစိုးရကနေဝင်ရောက်ထိန်းချုပ်နိုင်မှု နည်းပါးတဲ့အတွက် ပုဂ္ဂိုလ်ရေးဆိုင်ရာ လုံခြုံရေးအချက်အလက်များကျိုးပေါက်မှု အန္တရာယ်တွေကို ကာကွယ်နိုင်မှုစွမ်းရည်မြင့်မားတယ်လို့ ကျွမ်းကျင်သူတွေကဆိုထားပါတယ်။ ဒါပေမယ့် မသမာသူတွေအနေနဲ့လည်း ဒီလိုအချက်တွေကိုအခွင့်ကောင်းယူပြီး ငွေမည်းကိုငွေဖြူပြောင်းဖို့အတွက် ကြိုးပမ်းမှုတွေ၊ ငွေကြေးခဝါချမှုတွေ ပြုလုပ်လာနိုင်ပါတယ်။

စီးပွားရေးလုပ်ငန်းတွေ တစ်ခုနှင့်တစ်ခုကြား Blockchain ကိုအခြေခံတဲ့ Cryptocurrency Transfer တွေမှာ ငွေကြေးလွှဲပြောင်းမှုတွေကို ပြင်ပကနေထောက်လှမ်းဖို့ ခက်ခဲတာကြောင့် လုံခြုံမှုရှိတယ်လို့လည်း သတ်မှတ်ထားကြပါတယ်။ တစ်ဖက်မှာလည်းဒီအခြေအနေကို အခွင့်ကောင်းယူပြီ နိုင်ငံတော်ကနေ ပေးဆောင်ဖို့ချမှတ်ထားတဲ့ အခွန်ငွေတွေကိုပေးဆောင်ဖို့ ရှောင်လွှဲမှုများလည်းရှိလာနိုင်တာကြောင့် အစိုးရအနေနဲ့ တိကျသေချာတဲ့ ဥပဒေမူဝါဒများကို ချမှတ်ထားရန်လိုအပ်ပါတယ်။

နိုင်ငံရပ်ခြားဒေသတွေကို ငွေကြေးလွှဲပြောင်းတဲ့နေရာမှာ BTC၊ Ethereum (ETH)၊ USDT တို့ကို Cryptocoin များအဖြစ်လဲလှယ်ပြီး ငွေလွှဲခြင်းအားဖြင့် သက်ဆိုင်ရာနိုင်ငံတွေက ဘဏ်တွေ၊ ငွေကြေးအဖွဲ့အစည်းတွေရဲ့ ဝန်ဆောင်မှုတွေကိုမလိုအပ်တာကြောင့် Transaction Fee များကို အတိုင်းအတာတစ်ခုအထိလျှော့ချနိုင်ပါတယ်။ တစ်ဖက်မှာလည်း ဒီလိုမျိုး Cryptocoin တွေက အမေရိကန်ဒေါ်လာ၊ ထိုင်းဘတ်၊ မြန်မာကျပ်ငွေ စတဲ့ Fiat Money များနှင့်ယှဉ်ရင် ဈေးနှုန်းအတက်အကျမြန်တာကြောင့် မလိုလားအပ်တဲ့ငွေကြေးဆုံးရှုံးမှုတွေလည်း ဖြစ်ပေါ်နိုင်ပါတယ်။ တစ်ချိန်တည်းမှာပဲ ဒီလိုလျင်လျင်မြန်မြန်ပြောင်းလဲနေတဲ့ ဈေးကွက်ပေါက်ဈေးတွေကို ခန့်မှန်းတွက်ချက်ပြီး အရောင်းအဝယ်ပြုလုပ်ရာတစ်ဆင့် အမြတ်အစွန်းများလည်းရရှိနိုင်ပါတယ်။

## နိဂုံးချုပ်

အထက်မှာဖော်ပြခဲ့တဲ့အချက်တွေအရ ဒေသတွင်းနိုင်ငံတွေနဲ့ယှဉ်ရင် မြန်မာနိုင်ငံဟာ ဆင်းရဲပြီး ဖွံ့ဖြိုးမှုနောက်ကျတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်နေသေးတဲ့အတွက် Cryptocurrencyကို တရားဝင်လက်ခံ သုံးစွဲခွင့်ပြုဖို့က “တိမ်မယောင်နဲ့ နက်၊ လွယ်မယောင်နဲ့ ခက်” ဆိုသလိုမျိုးပဲ အပေါ်ယံကြည့်လိုက် မယ်ဆိုရင် လွယ်ကူရိုးရှင်းတဲ့ သဘောမျိုးဆောင်ပေမယ့် ဘောဂဗေဒပညာရပ်ရှုထောင့်က လေ့လာ မယ်ဆိုရင် နောက်ဆက်တွဲအကျိုးသက်ရောက်မှုများစွာရှိပြီး ရှုပ်ထွေးနက်နဲတဲ့ကိစ္စရပ်တစ်ခုလို့ ဆို နိုင်ပါတယ်။

Cryptocurrency အသုံးပြုမှု မြန်မာနိုင်ငံမှာတွင်ကျယ်လာဖို့ဆိုရင် အစိုးရအနေနဲ့ အသုံးပြုသူတွေကို ကာကွယ်ဖို့ဥပဒေကြောင်းအရရော နည်းပညာပိုင်းအရရော ခိုင်မာတိကျတဲ့မူဝါဒတွေ အခြေခံ Infrastructure တွေရှိဖို့လိုအပ်သလို ပြည်သူတွေအနေနဲ့ကလည်း လုံလောက်တဲ့Digital နဲ့ Financial Literacy Knowledge တွေအပြင် ခေတ်မီလူ့အဖွဲ့အစည်းနဲ့လိုက်လျောညီထွေဖြစ်အောင် နေထိုင်ဖို့ အတွက် အရေးပါတဲ့အခြေခံဗဟုသုတတွေနဲ့လည်း ရင်းနှီးနေဖို့လိုအပ်ပါတယ်။ လက်ရှိနိုင်ငံရေး အခြေအနေနှင့် တစ်နှစ်ကျော်နီးပါးရောဂါကပ်ဆိုးဒဏ်နှစ်ခုကိုရောပြွန်းခံစားနေရတဲ့ မြန်မာပြည်သူ တွေကတော့ အဘက်ဘက်ကနေ တွေ့ကြုံနေရတဲ့ဒုက္ခတွေကို တွန်းလှန်ရုန်းကန်နေကြရပါတယ်။ အခုလိုအဘက်ဘက်ကယိုယွင်းနေသော နိုင်ငံ့စီးပွားရေးစနစ်နှင့် ရှုပ်ထွေးနေတဲ့လက်ရှိနိုင်ငံရေး အခြေအနေ၊ ရောဂါကပ်ဆိုးဒဏ် အစရှိတဲ့မတည်ငြိမ်မှုတွေကလည်း အနာဂတ်မြန်မာနိုင်ငံနဲ့ Cryptocurrency ကျယ်ပြန့်စွာသုံးစွဲမှု အလားအလာပေါ်မှာ အကျိုးသက်ရောက်မှုတွေဖြစ်ပေါ်နေမယ် လို့ ထင်မြင်မိပါတယ်။

## ကိုးကားချက်များ

AKRAM, H. A. S. H. I. M. (2018). 4 ISSUES FACING CRYPTOCURRENCY TODAY. 4 ISSUES FACING CRYPTOCURRENCY TODAY. Published. https://www.darwinrecruitment.com/blog/2018/02/big-issues-cryptocurrency-today

REIFF, N. A. T. H. A. N. (2020). What Are the Advantages of Paying With Bitcoin? What Are the Advantages of Paying With Bitcoin? Published. https://www.investopedia.com/ask/answers/100314/what-are-advantages-paying-bitcoin.asp

STREET, W. A. L. L. (2018). THE PROS & CONS OF CRYPTOCURRENCY. THE PROS & CONS OF CRYPTOCURRENCY. Published. https://wall-street.com/the-pros-cons-of-cryptocurrency/

Cryptocurrency to become mainstream in the Philippines. (2021, March 23). Cryptocurrency to Become Mainstream in the Philippines. Published. https://fintechmagazine.com/digital-payments/cryptocurrency-become-mainstream-philippines

Legality of bitcoin by country or territory. (2020, August). In Legality of bitcoin by country or territory. Legality of bitcoin by country or territory - Wikipedia

KING, A. N. D. R. E. W. (2020). How Myanmar Could Benefit From Cryptocurrencies. How Myanmar Could Benefit From Cryptocurrencies. Published. https://www.mmtimes.com/news/how-myanmar-could-benefit-cryptocurrencies.html

Philippines. (2017, February 6). FREEMAN LAW. https://freemanlaw.com/philippines-and-cryptocurrency/

**(This article was written by Pann Myat Phyu Tint, Su Nandar Aung and Ye Zaw Khant.)**